တူးမြောင်းကျေးရွာ

ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တူးမြောင်းကျေးရွာ၊ ဟသ်ာတမြို့နယ်
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၉ ခုနှစ်၊ မတ်လ

## မာတိကာ


| | |
|---|---|
| မာတိကာ | ၂-၄ |
| အတိုကောက်စကားလုံးများ | ၅ |
| စကားချီး | ၆-၇ |
| တူးမြောင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် | ၈ |
| တူးမြောင်းကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | ၉ |
| တူးမြောင်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ | ၁၀ |

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

| | |
|---|---|
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| (၁-၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (၁-၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၁၁-၁၃ |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | ၁၃ |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | |
| (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| ( ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| ( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေးနှင့် အာဟာရ | |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၃-၁၅ |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၆-၁၉ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဇ) အခြေခံအဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၉-၂၁
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၁-၂၂
(၇) ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်ချိတ်ဆက်မှုမူဝါဒများ ၂၂-၂၃
(၈) ဦးစားပေးစီမံချက်နှင့်အကောင်အထည်ဖော်မည့်အချိန်ကာလ ၂၃-၂၆
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၆-၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၇-၂၉
(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉-၃၂
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ ၃၃-
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက်အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ ပညာရေးနှင့်စာတတ်မြောက်မှု
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား၊ မရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအားလက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ – ၈၀
ကိုးကားစာရင်း ၈၁

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈–၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂–၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့တူးမြောင်းကျေးရွာ၏ ကျေးရွာသူကျေးရွာသားများပါဝင်ရေးဆွဲထားသည့်ပထမဦးဆုံးသော တူးမြောင်းကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဥ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။

ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။ ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ဖြည့်ဆည်းပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်

လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာ များ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
တူးမြောင်းကျေးရွာ
ဟသ်ာတမြို့နယ်

တူးမြောင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဟင်္သာတမြို့နယ်



## ရောဝတီတိုင်းဒေသကြီး၊ဟင်္သာတမြို့နယ်၊ ပြာသာကျေးရွာအုပ်စု၊တူးမြောင်းကျေးရွာ၊ရာသီခွင်ပြက္ခဒိန်

| အဖြစ်အပျက် | ပြာသိုလ | တပို့တွဲလ | တပေါင်း လ | တန်ခူး လ | ကဆုန် လ | နယုန် လ | ဝါဆိုလ | ဝါခေါင် လ | တော်သ လင်း | သီတင်း ကျွတ် | တန်ဆော င်မုန်း | နတ် တော်လ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| အလုပ်အကိုင် | ပဲဆေး ဖျန်း | ပဲဆေး ဖျန်း | ပဲနှုတ် | ပဲနှုတ် | လယ် ယာပြင် | စပါး စိုက် | ဆေးဖျန်း | ဓါတ်မြေ သြဇာ | ခြံလုပ် ငန်း | စပါး ရိတ် | စပါးသိမ်း/ ပဲစိုက် | စပါးသိမ်း/ ပဲစိုက် |
| လက်လုပ်လက်စား မိသားစုများဝင်ငွေရရှိမှု (မရှိ/နည်း/များ) | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း |
| အသုံးစရိတ် | များ | နည်း | များ | များ | နည်း | များ | များ | များ | နည်း | များ | များ | များ |
| ချေးငွေလိုအပ်မှု | များ | များ | များ | များ | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း |
| သောက်သုံးရေရရှိမှု | များ | များ | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | များ | များ | များ |
| တိရစ္ဆာန်အစာရရှိမှု | မရှိ | မရှိ | အနည်း ငယ်ရှိ | အနည်း ငယ်ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ |
| တိရစ္ဆာန်ရောဂါ ကျရောက်မှု | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | မရှိ | မရှိ | ရှိ |
| ကျန်းမာရေးအခြေအနေ | ကောင်း | ကောင်း | ကောင်း | ကောင်း | ရာသီ ဖျားရှိ | ရာသီ ဖျားရှိ | သွေးလွန် တုတ် ကွေးရှိ | သွေးလွန် တုတ် ကွေးရှိ | ကောင်း | ကောင်း | ရာသီဖျားရှိ | ကောင်း |
| သီးနှံပိုးမွှားရောဂါကျ ရောက်မှု | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | မရှိ | မရှိ | ရှိ |
| ပွဲတော် | တရား စခန်းပွဲ | – | – | သင်္ကြန် ပွဲတော် | ညောင်ရေ သွန်းပွဲ | | ဝါဆိုသင်္ ကန်း ကပ် | – | – | မီးထွန်း ပွဲတော် | တန်ဆောင် တိုင်ပွဲတော် | – |
| သဘာဝဘေးအန္တရာယ် | – | – | – | – | – | မုန်တိုင်း အနည်း ငယ်ရှိ | မုန်တိုင်း အနည်း ငယ်ရှိ | – | – | – | မုန်တိုင်း အနည်းင ယ်ရှိ | – |

တူးမြောင်းကျေးရွာ၊ အဖွဲ့အစည်းပြမြေပုံ၊ ဟင်္သာတမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်သက်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်

ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

တူးမြောင်းကျေးရွာသည် ဟသ်ာတမြို့နယ်၏ အနောက်ဘက်(၂၁)မိုင်အကွာတွင်တည်ရှိသည်။ ရွာ၏တောင်ဘက်တွင်လေးမျက်နှာမြို့ရှိပြီး (၁၅)မိုင်ခန့်ကွာဝေးသည်။ မြောက်ဘက်တွင် အင်္ဂပူမြို့နယ်တည်ရှိပြီး (၁၂)မိုင်ခန့် ကွာဝေးပါသည်။ တူးမြောင်းကျေးရွာသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသည်။ အမြင့်ဆုံးအပူချိန်မှာ(၄၂)နှင့် အနိမ့်ဆုံးအပူချိန်မှာ(၂၇)ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရွာရက်မှာ (၁၂၀)ရက်ဖြစ်ပါသည်။ မိုးရေချိန်မှာ(၉၅.၉၇')ဖြစ်ပါသည်။ မိုးရွာသွန်းမှုအများဆုံးကာလမှာ ဇူလိုင်လနှင့် ဩဂုတ်လများဖြစ်ပါသည်။

တူးမြောင်းကျေးရွာသည် ပြာသာအုပ်စုတွင်ပါဝင်ပြီး ပတ်ဝန်းကျင် ကျေးရွာများမှာ ရေကျော်ကျေးရွာ၊ ကျားကိုက်ကုန်းကျေးရွာ၊ ပြာသာကျေးရွာ၊ အင်းမကျေးရွာ နှင့် ကြီးတောကွက်ကျေးရွာများ ဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

တူးမြောင်းကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များဖြစ်သည့် ရဲယိုပင်၊ လောက်သေပင်၊ကြိတ်မှန်ပင်၊ဆင်တုံးမနွယ်ပင်၊ရှောက်ပင်၊သံပုရာပင်စသည့်ဆေးဘက်ဝင်အပင်များပေါက်ရောက်ပါသည်။ ထိုအပင်များသည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်သောဆေးဘက်ဝင်အပင်များ ပေါက်ရောက်သည့်ဒေသ ဖြစ်ပါသည်။ စိုက်ပျိုးမြေသဘာဝအရင်းအမြစ်နှင့်မြေအောက်ရေစသည်တို့မှလွဲ၍ အခြားသဘာဝအရင်းအမြစ်တို့မရှိပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

တူးမြောင်းကျေးရွာတွင် အိမ်ထောင်စု(၁၇၀)စုရှိပြီး ကျား(၂၄၅)ဦး၊ မ(၃၀၃)ဦး၊လူဦးရေစုစုပေါင်း(၅၄၈)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်တွင် (၃.၂၂)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင်(၄)ဦးနှုန်းထက် လျော့နည်းနေပါသည်။ အသက် (၁၅)နှစ်မှ(၆၅)နှစ်အထိ အလုပ်လုပ်နိုင်သောလူဦးရေမှာ (၇၃%)ရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့် (၆၅)နှင့် အထက်လူဦးရေစုစုပေါင်း(၂၇%)သည် မှီခိုသူများဖြစ်ကြသည်။ ကျေးရွာ

တွင် ဗမာလူမျိုးများနေထိုင်ကြပြီး အမျိုးသမီးနှင့်အမျိုးသားအရေအတွက် အချိုးမှာ(၁:၁.၂)ဖြစ်သဖြင့် အမျိုးသားများနည်းတူ အမျိုးသမီးများပါဝင်လုပ်ကိုင်မည့် အလုပ်များကိုထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကိုထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုနိုင်ပါသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏ (၅၈%) နီးပါးမှာ မပြေလည်သောအိမ်ထောင်စုများဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ (၁၈)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၂၁)စု၊ ဆင်းရဲသော အိမ်ထောင်စု (၃၂)စု၊ အလွန်ဆင်းရဲသော အိမ်ထောင်စု(၉၉)စုရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ လယ်(၅)ကေနှင့်အထက် ပိုင်ဆိုင်ကြပြီး၊ ဥယျာဉ်ခြံမြေများနှင့် လယ်ယာသုံးပစ္စည်းများရှိကာ အိမ်အခြေအနေကောင်းမွန်ပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများသည် လယ်ယာမြေ(၂.၅) ဧကမှ(၅)ဧကထိ ပိုင်ဆိုင်ကြပြီး စီးပွားရေးအသင့်အတင့်ရှိကာ အဆင်ပြေကြပါသည်။ ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများသည် ကောင်းမွန်သောအိမ်ပိုင်ဆိုင်မှုမရှိခြင်း၊ လယ်ယာမြေအနည်းငယ်သာပိုင်ဆိုင်ခြင်း(သို့)ပိုင်ဆိုင်မှုမရှိခြင်းတို့ကြောင့် နေ့စား၊ ကျပန်းအလုပ်တို့ဖြင့် ရပ်တည်နေရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ (၅၈%)ခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက် လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများစသည်တို့တွင်လည်းလုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော အိမ်ထောင်စု(၃၀)ကို လေ့လာဆန်းစစ်မှုအရ ယင်းတို့သည် လုပ်အားခကြိုယူ၍ ဖြေရှင်းနေကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၁၀၀,၀၀၀/- ကျပ်မှ ၅၀၀,၀၀၀/- ကျပ်ထိတင် ရှိနေကြသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

တူးမြောင်းကျေးရွာတွင် သာမန်ဖျားနာခြင်းမှလွဲ၍ အခြားဆိုးရွားသော ကူးစက်ရောဂါများဖြစ်ပွားမှုမရှိပါ။ စာသင်ကျောင်းတွင် ကျောင်းသား/သူများ အား ကျန်းမာရေးဌာနမှလာရောက်၍ ကျန်းမာရေးနှင့်ပတ်သက်သော စစ်ဆေးကုသမှု

များကို နိုင်ငံတော်၏လမ်းညွှန်ချက်နှင့်အညီ ကာကွယ်ဆေးများ တိုက်ကျွေးကြပါသည်။ စာသင်ကျောင်းများကလေးများ၏ကျန်းမာရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့ကို ရှေ့ရှု၍ လစဉ်အာဟာရတိုက်ကျွေးမှုများလည်းရှိပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

တူးမြောင်းကျေးရွာတွင် အထက်တန်းကျောင်းတစ်ကျောင်းရှိပြီး မူလတန်းကျောင်းနေအရွယ်(၃၃)ဦး၊အလယ်တန်းကျောင်းနေအရွယ်(၃၇)ဦးနှင့်အထက်တန်းကျောင်းနေအရွယ်(၁၈)ဦးရှိရာတွင် ရာနှုန်းပြည့်ပညာတက်ရောက် သင်ယူနိုင်ကြပါသည်။ အထက်တန်းကျောင်းသင်ယူနေသော ကျောင်းသား၊ ကျောင်းသူ(၁၈)ဦးရှိပြီး၊ တက္ကသိုလ်၊ကောလိပ်ကျောင်းသား/သူ(၂၃)ဦးရှိရာ ကျေးရွာ၏ကျောင်းတက်နှုန်းအဆင့်မှာ အလယ်အလတ်အဆင့်တွင် ရှိပါသည်။ ကျေးရွာ၏အတန်းပညာပြီးမြောက်မှုအနေဖြင့် စာမတတ်သူဦးရေ(၂၅)ဦး၊ မူလ တန်းအဆင့်ရှိသူဦးရေ(၂၈၇)ဦး၊ အလယ်တန်းအဆင့်ရှိသူဦးရေ(၁၂၆)ဦး၊ အထက်တန်းအဆင့်ရှိသူဦးရေ(၄၇)ဦး၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ(၄၀)ခန့်ရှိရာ ကျေးရွာ၏စာတတ်မြောက်မှုအခြေအနေမှာ အသင့်အတင့်ကောင်းမွန်သော အနေအထားရှိပါသည်။ ပန်းရံလက်သမားစသည့်လုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများရှိသော်လည်း တစ်နိုင်တစ်ပိုင်လုပ်ငန်းများကိုသာ လုပ်ကိုင်နိုင်ကြပါသည်။

## (စ) ကျား/မဆိုင်ရာဆက်နွယ်မှု

တူးမြောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများအနက် အမျိုးသမီးများဦးရေမှာ အမျိုးသားဦးရေထက်ပိုများပါသည်။ စပါးစိုက်ချိန်တွင် အမျိုးသားတစ်ဦးလျှင် (၅၀၀၀)ကျပ်နှင့် အမျိုးသမီးတစ်ဦးလျှင်(၄၀၀၀)ခန့် ရရှိကြသည်။ ကျေးရွာစာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်အမျိုးသမီးများ၏ အခန်းကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်။ ကျေးရွာတွင် အမျိုးသမီးများအတွက် သံသယဖြစ်မှုမရှိဘဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကိုရှေးရှုပြီး စည်းလုံးညီညာစွာ နေထိုင်သော ကျေးရွာတစ်ရွာပင်ဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

တူးမြောင်းကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်-

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

တူးမြောင်းကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ၊ မီးလင်းရေးကော်မတီ၊ရပ်မိရပ်ဖ၊ဂေါပက၊ကျောင်းအကျိုးတော်ဆောင်၊ အရန်မီးသတ်တပ်ဖွဲ့တို့သည် ကျေးရွာ၏သာရေးနာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာဆောင်ရွက်နေသော်လည်း ရေရှည်ဆောင်ရွက်မည့်အဖွဲ့အစည်းများ ထပ်မံလိုအပ်နေပါသည်။ ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက် ဆောင်ရွက်သွားမည်။

### (ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

တူးမြောင်းကျေးရွာရှိ လယ်သမားများ၏အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်ရာသီကုန်သီးနှံပင်များဖြစ်ပါသည်။ မိုးရာသီတွင် စပါး(၂၇၉)ကေခန့် စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ခင်းအားလုံးအနက် အချို့မှာအစေ့ကြဲစနစ်စိုက်ပျိုးပြီး အချို့မှာ ကောက်စိုက်ခင်းများဖြစ်ပါသည်။ အခြားသီးနှံများ စိုက်ပျိုးခြင်းကို လယ်အလုပ်နှင့် တွဲဘက်လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးနှင့်အရောင်းအဝယ်ကိုသာအဓိကထားလုပ်ကိုင်သောကြောင့် ကြက်၊ဘဲ၊ဝက်၊နွား၊ဆိတ်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူခြင်း မရှိပါ။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

တူးမြောင်းကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးမလုပ်သော အခြားအိမ်ထောင်စုများအနေဖြင့် နှီးခမောက်ယက်လုပ်ခြင်း၊ အိမ်ဆိုင်၊ နေ့စား၊ ပန်းရံ၊ လက်သမား၊ ဆိုင်ကယ်ပြင်၊ စက်ချုပ်ခြင်းစသည်တို့ကို လုပ်ကိုင်ကြပါသည်။

နေ့စားလုပ်ကိုင်နေကြသူများမှာတစ်နေ့လျှင်ကျား(၅၀၀၀)ခန့်နှင့် မ(၄၀၀၀)ခန့် ရရှိပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

တူးမြောင်းကျေးရွာတွင် စိုက်ပျိုးရေး၌ သဘာဝမြေသြဇာများကို အသုံးပြုမှု နည်းပါးလာပြီး ဓါတ်မြေသြဇာ၊ ဓါတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမို အသုံးပြုလာကြသောကြောင့် စိုက်ပျိုးမြေများမှမြေဆီမြေသြဇာများခမ်းခြောက် လာပြီး မြေဆီလွှာများပျက်ဆီးမှုများဖြစ်ပေါ်နေပါသည်။ မြေဆီလွှာပျက်ဆီးလာ သောကြောင့် သဘာဝအပင်မျိုးစေ့များလည်း ရှားပါးလာကာ အပင်များအတွက် ရောဂါများကာကွယ်ထိန်းချုပ်မှုအားနည်းသောကြောင့် ဖျက်ပိုးများ ကျရောက်မှု ရှိနေပါသည်။

ယခုအခါလူငယ်များသည် စိုက်ပျိုးရေးသင်တန်းကျောင်းမှ အသိပညာများ ရရှိလာပြီး ကျေးရွာအတွင်းသို့ အသိပညာများပေးလျက်ရှိပါသည်။ သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေဒီယို၊တီဗွီတို့မှ သိရှိရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ကေလျှင်(၁၅၀၀၀၀)ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးငွေမှာ (၁၅၀၀၀၀၀)ကျပ်ဖြစ်သည်။ အတိုးနှုန်းမှာ(၀.၈၀)ကျပ်နှုန်းဖြစ်ပါသည်။ ထုတ်ချေးသည့်ကာလမှာ(၇)လဖြစ် သည်။ လယ်သမားများအနေဖြင့် လုံလောက်သောချေးငွေမရရှိသဖြင့် အပြင်လုပ် ငန်းရှင်များထံမှ ငွေတိုးချေးယူသုံးစွဲရပါသည်။ ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းအနေ ဖြင့် ပက်မြန်မာကုမ္ပဏီမှ ထုတ်ချေးပေးပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

တူးမြောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဆောင်မှာ တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အရည်သွေးကောင်းမွန်မှုရှိပါသည်။ ကျောင်းတွင် အစိုးရခန့်ကျောင်းအုပ်ဆရာမကြီး(၁)ဦး၊ ကျောင်းဆရာ(၅)ဦး၊ ကျောင်းဆရာမ (၂၀)ဦး၊ စုစုပေါင်း(၂၆)ဦးရှိကာ ကျောင်းသားနှင့်ဆရာ/ဆရာမအင်အား အချိုးညီမျှ မှုလည်းရှိပါသည်။ ထိုင်ခုံနှင့်စာရေးခုံများ ကောင်းမွန်ပြည့်စုံမှုရှိပြီး ကျောင်းအိမ် သာများ လိုအပ်နေပါသေးသည်။ ကျောင်းသား/သူများ သောက်သုံးရန် အတွက် စက်ရေတွင်း(၁)တွင်းသာရှိပါသည်။

ကျေးရွာတွင် ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ကျန်းမာရေးဝန်ထမ်းများမှ ထိုးနှံပေးသောကြောင့်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ဖြစ်ပေါ်လေ့ရှိသော ရောဂါများကင်းဝေးကြရသည်။ သာမာန်အဖျားများအတွက် ကျေးရွာမှ(၂)မိုင်ခန့်ဝေးသော ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကျေးရွာရှိဆေးဆိုင်များတွင် ရောင်းချသောဆေးများဖြင့် ပျောက်ကင်းသော်လည်း ဆိုးရွားသောရောဂါများနှင့် မတော်တဆဖြစ်ပွားမှုများအတွက် ကျေးရွာနှင့်(၂၁)မိုင်ကွာဝေးသော ဟသ်ာတမြို့သို့သွားရောက်ကုသကြရပါသည်။ ထိုသို့သွားရောက်ကုသကြရာတွင်လည်း မိုးတွင်းအခါလမ်းပန်းဆက်သွယ်ရေးမကောင်းမှုကြောင့် သွားလာရန် အခက်အခဲများရှိပါသည်။ အရေးပေါ်လူနာများရှိပါကဆေးရုံသို့ သွားရောက်သောအခါလမ်းခရီးတွင် ကြန့်ကြာမှုရှိသဖြင့် အသက်အန္တရယ်စိုးရိမ်ရသည့် အခြေအနေတွင် ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာပါကလည်း ကျန်းမာရေးအတွက်သာမက ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာမည်ဖြစ်ပြီး စီးပွားရေးအခွင့်လမ်းကောင်းများ ပွင့်လင်း လာမည်ဖြစ်ပါသည်။

တူးမြောင်းကျေးရွာတွင် သောက်သုံးရေအတွက် စက်ရေတွင်းများမှ ရရှိပြီး ရေအလွန်ကောင်းသောရွာ ဖြစ်ပါသည်။ မီးဘေးအန္တရာယ်ကာကွယ်ရန် အတွက် မီးသတ်ရေကန်မရှိပါ။

တူးမြောင်းကျေးရွာတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအနေဖြင့် ကျေးရွာစွန့်ပစ်အမှိုက်စီခံခန့်ခွဲများရှိပါသည်။ အပတ်စဉ်စနေ၊တနင်္ဂနွေနေ့များတွင် ကျေးရွာတွင်း စွန့်ပစ်အမှိုက်များကိုစနစ်တကျသိမ်းဆည်းဖျက်ဆီးကြပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များမှကျေးရွာ၏သာရေးနာရေးဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်များအားကစားတွင် စိတ်ဝင်စားမှုရှိသော်လည်း အားကစားကွင်းမရှိ၍ အားကစားဖွံ့ဖြိုးမှု အားနည်းပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် လူငယ်များစိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ရန်ကျေးရွာ လူကြီးများ လက်တွဲခေါ်ယူမှုအားနည်းနေပါသည်။လူငယ်များသည်တိုင်းပြည်အနာဂတ်၏သားကောင်းများဖြစ်သည့်အတွက် လူငယ်အဖွဲ့အစည်းကို စနစ်တကျဖွဲ့စည်းပြီး စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ပါကအောင်မြင်မှုရရှိမှာသေချာပါသည်။

**(ဇ) အခြေခံအဆောက်အဦး/လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

တူးမြောင်းကျေးရွာလမ်းသည်(၂၀၁၅)ခုနှစ်တွင် အကျယ်(၃)ပေ၊ ထုထည်(၄)လက်မ၊ အရှည်(၂၆၀၀)ပေခန့်ရှည်သော ကွန်ကရစ်လမ်းခင်းခဲ့ပါသည်။ သို့

သော်လည်းလမ်းအကျယ်အလွန်ကျဉ်းသည့်အတွက် ဆိုင်ကယ်တစ်စီးသာသွားလာနိုင်ပါသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် နွေရာသီ၌ ရေကာတာလမ်းကိုသာ အဓိကထားအသုံးပြုနိုင်ပါသည်။ ကျေးရွာအတွင်းသယ်ယူပို့ဆောင်ရေးအတွက် စက်လှေ(၃)စီး၊ စက်ဘီး(၉၁)စီး၊ မော်တော်ဆိုင်ကယ်(၈၀)စီး၊ ထော်လာဂျီ(၂)စီးနှင့် နွားလှည်း(၃၄)စီးရှိပါသည်။ စက်ဘီး၊ဆိုင်ကယ်၊ထော်လာဂျီကားစသည့်ယာဉ်များကို ပွင့်လင်းရာသီ၌ အဆင်ပြေရာသုံးစွဲနိုင်သော်လည်း မိုးရာသီတွင် ထော်လာဂျီ ကား၊ နွား၊နွားလှည်းတို့ကို အသုံးပြု၍မရပေ။

ကျေးရွာမီးအလင်းရောင်အတွက် ယခင်ကဖယောင်းတိုင်နှင့် မီးခွက်ကိုသာ သုံးစွဲနေရပြီး ယခုအခါဆိုလာမီးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအစီအစဉ်ဖြင့် အသုံးပြုလျှက်သည်။

ကျေးရွာတွင် ဖုန်း၊ စလောင်း၊ ရေဒီယိုတို့ကိုအသုံးပြုနိုင်သောကြောင့် သတင်းအချက်အလက်များကိုအချိန်နှင့်တပြေးညီရယူနိုင်ပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

တူးမြောင်းကျေးရွာသည် မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံးနေထိုင်ကြသဖြင့် ပြဿနာကြီးကြီးမားမားမရှိပါ။ ဘုန်းတော်ကြီးများ၏ဆုံးမမှု၊ လူကြီးသူမများ၏ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အမှုအခင်းဖြစ်ပွားခြင်း မရှိပါ။ ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ရာအိမ်မှူး၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ အဟန့်အတားများနှင့်စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

တူးမြောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်းမှာ ကျေးရွာလူဦးရေ၏(၇၃%)ရှိပြီး တက္ကသိုလ်ဘွဲ့ရများလည်း ရှိပါသည်။ လူကြီးလူငယ်လက်တွဲပြီး ကောင်းမွန်စွာတိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများက အနာဂတ်ကာလများအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

တူးမြောင်းကျေးရွာသည် စိုက်ပျိုးရေးနှင့်ရောင်းဝယ်ရေးကို အခြေခံပြီး စီးပွားရေးလုပ်ကိုင်သောကြောင့် စပါးနှင့်ပဲမျိုးစုံစိုက်ပျိုးခြင်း၊ ဈေးရောင်းခြင်း၊ ရာသီပေါ်သီးနှံများစိုက်ပျိုးခြင်း လုပ်ကိုင်ဆောင်ရွက်ကြရသဖြင့် လမ်းပန်းဆက်

သွယ်ရေးမှာ ယခုလက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်လာပါက ကျေးရွာသူ/သားများ၏ စီးပွားရေး၊ပညာရေး၊ကျန်းမာရေးပိုမို ကောင်းမွန်လာနိုင်ပါသည်။

တူးမြောင်းကျေးရွာရှိ အထက်တန်းကျောင်းမှ ကျောင်းသား/သူများနှင့် မိဘဆရာများ ပူးပေါင်းဆောင်ရွက်မှုအားကောင်းသဖြင့် မူလတန်းမှအထက်တန်းအဆင့်ပညာရေးအတွက်ကောင်းမွန်သောအလားအလာများဖြစ်ပါသည်။တူးမြောင်းအ.ထ.ကကျောင်းသည် ရေကာတာ၏ဘေးဘက်တွင် တည်ရှိသော ကြောင့် မိုးရာသီတွင် ကျောင်းသား/သူများသွားလာရေး အနည်းငယ်ခက်ခဲပါသည်။ ဟသ်ာတမြို့နယ်ပြည်သူ့ဆေးရုံနှင့်(၂၂)မိုင်ကွာဝေးပြီး တလုတ္ထော်မြို့ တိုက်နယ်ဆေးရုံနှင့်(၅)မိုင်၊ ဓမ္မိတိုက်နယ်ဆေးရုံနှင့်(၂.၅)မိုင်ခန့်ကွာဝေးပါသည်။ မည့်သည့်ဆေးရုံမဆို ကားလမ်းနှင့်တသွယ်၊ ဆိုင်ကယ်နှင့်တစ်သွယ် အလွယ်တကူသွားလာနိုင်ပါသည်။

## (ခ)အဟန့်အတားနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

### (၁)စိုက်ပျိုးရေး

တူးမြောင်းကျေးရွာသည် စပါး၊ပဲမျိုးစုံနှင့် ရာသီပေါ်သီးနှံများတစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ပါသည်။ နွေရာသီတွင် စိုက်ပျိုးရေးအတွက် အဝီစီတွင်းများကို အသုံးပြုကြပါသည်။

### (၂)မွေးမြူရေးနှင့်ရေလုပ်ငန်း

တူးမြောင်းကျေးရွာတွင် ကြက်၊ ဘဲ၊ ဝက်၊ နွားနှင့် ဆိတ်များကို တစ်ပိုင်တစ်နိုင်မွေးမြူကြပြီး ရေလုပ်ငန်းလုပ်ကိုင်ခြင်းမရှိပါ။

### (၃)ပညာရေး

တူးမြောင်းကျေးရွာ၏ မြောက်ဘက်တွင် အထက်တန်းကျောင်းရှိပြီး ကျောင်းသား/သူများပညာရေးနှင့်ပတ်သက်၍ အဆင်ပြေသောကြောင့် ပညာရေးနှင့်ပတ်သက်၍ အဟန့်အတားစိန်ခေါ်မှုမရှိပါ။

ကျောင်းဝင်းထဲတွင်ကျောင်းသား/သူများအတွက် ရေသန့်တွင်းရှိသဖြင့် သောက်သုံးရေအဆင်ပြေပါသည်။ ရေသန့်စက်ရှိမည်ဆိုပါကပို၍ အဆင်ပြေပါမည်။ သို့သော်လည်းငွေကြေးအခက်အခဲကြောင့် မဆောင်ရွက်နိုင်သေးပါ။

**(၄)ကျန်းမာရေး**

တူးမြောင်းကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ကျေးလက်ဆေးပေး ခန်းမရှိသော်လည်း အုပ်စုအတွင်းရှိ ကျေးလက်ဆေးပေးခန်း၊ တလုတ္တော်ဆေးရုံ၊ ဟသ်ၤာတမြို့နယ်ဆေးရုံသို့ သွားရောက်ကုသမှုခံယူရပါသည်။ ကျန်းမာရေး စောင့် ရှောက်မှုအတွက် လမ်းပန်းဆက်သွယ်မှုမှာ ကျောက်ချောလမ်းကို အသုံးပြုနေရ၍ အနည်းငယ်အခက်အခဲရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပါ က ပိုမိုအဆင်ပြေနိုင်ပါသည်။

**၆။ ပန်းတိုင်နှင့်မဟာဗျူဟာ**

ကျွန်ုပ်တို့တူးမြောင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘူယျ အားဖြင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ထို့ ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးစီမံကိန်းရေးဆွဲပြီးဖြစ်ပါသည်။ ၎င်းပန်းတိုင်အတွက်အကောင်အထည်ဖော်ရေးစီမံကိန်း များ ရေးဆွဲထားပါသည်။

**(က)ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်တွင် ကျေးရွာသူ/သားများဝင်ငွေတိုးတက်ရေး အတွက် တစ်ဦးချင်းစွမ်းဆောင်ရည်တိုးတက်ရေးတို့အပြင် ပညာရေးကိုအလေး ထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်း ချက်များကိုလည်း (၂၀၁၉မှ၂၀၂၃)(၅)နှစ်တာကာလအတွင်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်-

(၁) ရွာလူထုသည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် သန့်ရှင်းသော သောက်သုံးရေရရှိစေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရမည်။

(၂) ရွာလူထုသည် မွေးမြူရေးနှင့်ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များပညာတတ်မြောက်မှုကိုပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေး ဝမ်းကျောင်းပညာရပ်များကိုကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့် အလမ်းများတိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့် လာစေရမည်။

(ခ)အကောင်အထည်ဖော်ရေးနည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေးနည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မည်ဟုယုံကြည်ပါသည်။

(၁) ကျေးရွာတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက်သက်ဆိုင်ရာဦးစီးဌာနများ၊အကူအညီပေးမည့်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီးကျေးရွာလူထု၏ လုပ်အားပေါင်းစပ်ကာလုပ်ဆောင်သွားပါမည်။

(၂) လယ်သမားများနှင့်ကျပန်းမိသားစုများအား မွေးမြူရေးကုသရေးလုပ်ငန်းဖြင့် အပိုငွေရရှိစေရန် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရိစ္ဆာန်ရောဂါကာကွယ်ရေးအစီအမံများလုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသောမွေးမြူရေးနည်းပညာသင်တန်းများဖြန့်ဝေခြင်းကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၃) ကျေးရွာအတွင်းရှိလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဒေသအတွင်းစက်ရုံ၊ အလုပ်ရုံများတိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စု ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန်ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှုရရှိရန် လိုအပ်နေပါသည်။

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရဤအခန်းပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် တူးမြောင်းကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်ထိမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ပေးနိုင်ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ၏ အားထုတ်လုပ်ကိုင်မှုများကိုပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်ရန်ပြုပြင်ရေးဆွဲခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ရန်အကူအညီဆက်လက်ရရှိမည်ဟုမျှော်လင့်ပါသည်။

**(၈) စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့်နည်းဗျူဟာအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ်မရှိမဖြစ်လိုအပ်ပါသည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုသည်(၅)နှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စီစစ်ရွေးချယ်ထားသည့်ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်ပေ။ (၅)နှစ်တာကာလအတွင်းကျေးရွာတွင် လျှပ်စစ်မီးရရှိရန် ထပ်တိုးစီမံချက်လုပ်ဆောင်သွားမည်ဟုရည်ရွယ်ထားပါသည်။ ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များနှင့်စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classitication)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economic classitication)သည် စီမံချက်အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာဦထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classitication) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။
ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classitication) တွင်

-သာမန်အသုံးစရိတ်

-ငွေလုံးငွေရင်းအသုံးစရိတ်

-စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

-လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်ပါသည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထား ပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံး ကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါ သည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များ အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထား သော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ–

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေး အဆင့် |
|---|---|---|---|---|
| ၁။ | လမ်း | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁၀၀ | ၁ |
| ၂။ | Box Culvert နှင့်မီးလင်းရေး | ဂုံးတံတားတည်ဆောက်ခြင်းနှင့် လျှပ်စစ်ဓါတ်အားရရှိရေး | ၉၆ | ၂ |
| ၃။ | လူငယ်ဖွံ့ဖြိုး ရေး | စာကြည့်တိုက်တည်ဆောက်ခြင်း | ၈၈ | ၃ |
| ၄။ | ရေသန့်စက် ရေတွင်း | သန့်ရှင်းသောသောက်သုံးရေရရှိရေး | ၇၃ | ၄ |
| ၅။ | စိုက်ပျိုးရေး | မျိုးကောင်းစပါးရရှိရေး | ၇၀ | ၅ |
| ၆။ | ပညာရေး | ကျောင်းဆောင်သစ်တည်ဆောက်ခြင်း | ၆၈ | ၆ |
| ၇။ | လူငယ်ဖွံ့ဖြိုး ရေး | လူငယ်များကစားကွင်းရရှိရေး | ၅၀ | ၇ |
| ၈။ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရေး | ၄၅ | ၈ |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ် အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေး ဆွဲရာတွင်လည်းထည့်သွင်းပေးမည်–

| စဉ် | စီမံချက် | ဦးစားပေးအဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာအတွင်းကွန်ကရစ်ခင်းခြင်း | ၁ | ✔ | ✔ | | | |
| ၂။ | Box Culvertနှင့်မီးလင်းရေး | ၂ | | ✔ | ✔ | | |
| ၃။ | စာကြည့်တိုက် | ၃ | | | ✔ | ✔ | |
| ၄။ | ရေသန့်စက်ရေတွင်း(၄၀၀') | ၄ | | | ✔ | ✔ | |
| ၅။ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး | ၅ | | | ✔ | ✔ | |
| ၆။ | ကျောင်းအဆောက်အဦး | ၆ | | | ✔ | ✔ | ✔ |
| ၇။ | ကစားကွင်းရရှိရေး | ၇ | | | ✔ | ✔ | ✔ |
| ၈။ | ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရေး | ၈ | | | ✔ | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ် ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား ၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကျေးရွာအတွင်းကွန်ကရစ်ခင်းခြင်း | | | ✔ | | |
| ၂။ | Box Culvertနှင့်မီးလင်းရေး | | | ✔ | | |
| ၃။ | စာကြည့်တိုက် | | | ✔ | | |
| ၄။ | ရေသန့်စက်ရေတွင်း(၄၀၀') | | | ✔ | | |
| ၅။ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး | | | | ✔ | |
| ၆။ | ကျောင်းအဆောက်အဦး | | | ✔ | | |
| ၇။ | ကစားကွင်းရရှိရေး | | | ✔ | | |
| ၈။ | ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရေး | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာ တွင်တာဝန်ရှိပါသည်။

### (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏

ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမား အဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြား သောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါ သည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည် အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ် လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာန နှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုး အစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာ အမှန်ပင် လိုအပ် ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေး စသည့်လုပ်ငန်းများ အတွက်ကန်ထရိုက် များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့ အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်း တွင် ဖော်ပြထား သောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှု ပေးမည်ဖြစ် ပြီးလုပ်ငန်း တစ်ခု လုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများ တွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မ

တီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်း ဆောင်ရွက်ပါမည်။

**(၄) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည် တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်း တွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင် လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတား ပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့ သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက် ဆိုင်ရာကော်မတီအဖွဲ့အား တာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာ အားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီ အစဉ်အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့ အစည်းများ၊အိမ်ထောင်စုများ တက်ကြွစွာအတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက် ပါမည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်-

**(၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress)တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်း ကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ(Baseline)ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်း ပြီးစီး မှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊

- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့သော ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ်ကနဦးကာလတွင် အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌ နှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာ သည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင်အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

## (၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့်ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည် ပြုပြင်ဆောင် ရွက်နိုင်မည် ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

## (၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

## (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၃ | ၇ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၆ | ၁၀ | ၁၆ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၈ | ၂၅ | ၃၃ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၂၀ | ၃၇ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၁ | ၂၀၉ | ၄၀၀ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၃၆ | ၅၅ |
| စုစုပေါင်း | | ၂၄၅ | ၃၀၃ | ၅၄၈ |
| စုစုပေါင်းအိမ်ထောင်စု | | ၁၇၀ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တူးမြောင်းကျေးရွာတွင် (၁)နှစ်အောက်နို့စို့အရွယ်မှာ ကျား (၄)ဦး၊ မ(၃)ဦး၊ စုစုပေါင်း(၇)ဦး၊ရာခိုင်နှုန်းအားဖြင့်(၁.၂၇%)၊(၅)နှစ်အောက်ကလေးငယ်အရွယ်မှာကျား(၆)ဦး၊မ(၁၀)ဦး၊ စုစုပေါင်း(၁၆)ဦး၊ ရာခိုင်နှုန်းအားဖြင့်(၂.၉%)၊ မူလတန်းကျောင်းသားအရွယ်မှာ ကျား(၈)ဦး၊ မ(၂၅)ဦး၊ စုစုပေါင်း(၃၃)ဦး၊ ရာခိုင်နှုန်းအားဖြင့်(၆.၀၂%)၊ အလယ်တန်းကျောင်းသားအရွယ်မှာ ကျား(၁၇)ဦး၊ မ(၂၀)ဦး၊ စုစုပေါင်း(၃၇)ဦး၊ ရာခိုင်နှုန်းအားဖြင့်(၆.၇%)၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား(၁၉၁)ဦး၊ မ(၂၀၉)ဦး၊ စုစုပေါင်း(၄၀၀)ဦး၊ ရာခိုင်နှုန်းအားဖြင့် (၇၃%)၊ ၆၅နှစ်နှင့်အထက် သက်ကြီးရွယ်ကြီး အရွယ်မှာ ကျား(၁၉)ဦး၊ မ(၃၆)ဦး၊ စုစုပေါင်း(၅၅)ဦး၊ ရာခိုင်နှုန်းအားဖြင့် (၁၀%) ရှိပါသည်။ လက်ရှိ အိမ်ထောင်စုပေါင်း(၁၇၀)စုရှိပြီး စုစုပေါင်းလူဦးရေမှာ(၅၄၈)ဦးရှိသဖြင့် တစ်အိမ်ထောင်လျှင် ပျှမ်းမျှ လူဦးရေ(၃.၂)ဦးနှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၈ | ၇၂ | ၃ | မြင့် ✔ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၅၀ | ၆၀ | ၃ | မြင့် ✔ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | | |
| ၇ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | - | - | - | မြင့် □ လတ် □ နိမ့် □ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | ၂ | မြင့် □ လတ် □ နိမ့် ✔ |
| | အလုပ်သမား/ ဝန်ထမ်း | - | - | - | မြင့် □ လတ် □ နိမ့် □ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | - | - | - | မြင့် □ လတ် □ နိမ့် □ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | - | မြင့် □ လတ် □ နိမ့် ✔ |
| | အလုပ်သမား/ ဝန်ထမ်း | - | - | - | မြင့် □ လတ် □ နိမ့် □ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၈ | ၈ | မြင့် □ လတ် □ နိမ့် ✔ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့် □ လတ် □ နိမ့် □ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့် □ လတ် □ နိမ့် □ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | - | - | - | မြင့် □ လတ် □ နိမ့် □ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် |  | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
|  |  | အိမ်ထောင်စု | မိသားစုဝင် လုပ်အား |  |  |
| ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) |  |  |  |  |  |
| ၁၄ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
|  | အလုပ်သမား/ ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ |  |  |  |  |
|  | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
|  | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) |  |  |  |  |
|  | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
|  | အလုပ်သမား/ဝန်ထမ်း | - | - | ၅ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၇ | ပညာရေး |  |  |  |  |
|  | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
|  | အလုပ်သမား/ဝန်ထမ်း | ၅ | ၅ | ၁၁ | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး |  |  |  |  |
|  | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
|  | အလုပ်သမား/ဝန်ထမ်း | - | - | ၂ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၉ | လူမှုရေး လုပ်ငန်းများ |  |  |  |  |
|  | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
|  | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ |  |  |  |  |
|  | ကိုယ်ပိုင်လုပ်ငန်း | - | - | - | ☒ |
|  | အလုပ်သမား/ ကျပန်း/ရာသီအလိုက် အလုပ်သမား | ၄၉ | ၅၅ | - |  |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့် □လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | - | - | - | မြင့် □ လတ် □ နိမ့် □ |
| | **စုစုပေါင်း** | ၁၇၀ | ၂၀၄ | ၂၈ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ တူးမြောင်းကျေးရွာ၏လယ်ယာစိုက်ပျိုးရေးကိုယ်ပိုင်လုပ်ငန်းတွင် အိမ်ထောင်စု(၅၈)စုရှိပြီး မိသားစုဝင်လုပ်အားမှာ(၇၂)ဦးဖြစ်ပါသည်။ ပန်းရံကိုယ်ပိုင်လုပ်ငန်းတွင် အိမ်ထောင်စု(၁)စုရှိပြီး မိသားစုဝင်လုပ်အားမှာ(၂)ဦးရှိပါသည်။ ဆံပင်ညှပ်ဆိုင်၊အပ်ချုပ်လုပ်ငန်းတွင် အိမ်ထောင်စု(၂)စုဖြစ်ပြီး မိသားစုဝင်လုပ်အား(၂)ဦးဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။ ကျန်အိမ်ထောင်စု များမှ အရောင်းအဝယ်လုပ်ငန်း၊လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အလုပ်သမား၊ကျပန်းလုပ်ငန်း တို့ကို လုပ်ကိုင်ကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရိစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝ အရင်းအမြစ်များထုတ်လုပ် | နေ့စား | - | - | - | - |

| | ခြင်း | | | | | |
|---|---|---|---|---|---|---|
| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
| | | | ကျား | မ | ကျား | မ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကားရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်) | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၇၀၀၀ |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ကျေးရွာ၏လယ်ယာစိုက်ပျိုးရေးတွင် နေ့စားအလုပ်လုပ်ကိုင်သူများ၏ အများဆုံးရငွေမှာ ကျား ၅၀၀၀ကျပ်၊မ၄၀၀၀ကျပ်နှင့် အနည်းဆုံးရငွေမှာ ကျား၄၀၀၀၊မ၃၀၀၀ကျပ်ဖြစ်ပါသည်။ဆောက်လုပ်ရေးလုပ်သားများ၏နေ့စားလုပ်ကိုင်ရာတွင် အများဆုံးရငွေမှာ ကျား ၈၀၀၀ ကျပ်၊ မ ၅၀၀၀ ကျပ်ရရှိပြီး အနည်းဆုံးရငွေမှာ ကျား ၄၀၀၀ ကျပ်နှင့် မ ၄၀၀၀ ကျပ်တို့ဖြစ် ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင်အပ်ချုပ်သောလုပ်ငန်းတွင် တစ်နေ့လျှင်အများဆုံး ဝင်ငွေမှာ ကျား ၈၀၀၀ ကျပ်နှင့် မ ၈၀၀၀ ကျပ်ရရှိပြီး အနည်းဆုံးရငွေမှာ ကျား ၇၀၀၀ ကျပ်နှင့် မ ၇၀၀၀ ကျပ်တို့ဖြစ်ပါသည်။

## (ဂ) သဘာဝအရင်းအမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ(ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၇၉ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၈၈ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၃၆၇** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ - လယ်သမား အုပ်စု၊**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေဧရိယာ(၂၇၉)ဧကနှင့် ကိုင်း/ကျွန်းမြေမှာ(၈၈)ဧက ၊စုစုပေါင်း(၃၆၇)ဧကရှိပါသည်။ လယ်မြေများမှာမြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိပြီး ကိုင်း/ကျွန်းမြေများမှာလည်း မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ✔ မရှိ☐ | လွယ် ☐ ခက်✔ အသုံးမပြုနိုင်ပါ☐ |

| အမျိုးအစား | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဖက်ဝင် အပင်များ) | များ ☐ သင့် ✔ နည်း☐ မရှိ ☐ | လွယ် ✔ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ) အသင့်အတင့်ရှိသည်။ ကျောက်၊သဲ၊ကျောက်စရစ်စသည်တို့အနက်မှ သဲများအသင့်အတင့်ရှိပါသည်။ သို့သော်သယ်ယူအသုံးပြုရန်ခက်ခဲမှုများရှိပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာလည်း အနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | **၂၁(၁၁.၇၆%)** | **၂၅(၁၇.၆၄%)** | **၂၅(၁၇.၆၄%)** | **၉၉(၄၅%)** |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** တူးမြောင်းကျေးရွာဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ အဆင်ပြေသော အိမ်ထောင်စု ၂၁(၁၂%)၊အလယ်အလတ်ရှိသောအိမ်ထောင်စု ၂၅(၁၅%)၊ မပြေလည်သော အိမ်ထောင်စု ၂၅(၁၅%)၊ အလွန်မပြေလည်သောအိမ်ထောင်စု ၉၉(၅၈%)ရှိပါသည်။ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောကြောင့် ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မပြေလည်ကြကြောင်း တွေ့ရှိရပါသည်။

**ဖ(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ** (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =<br>လုပ်အားခကြိုယူ = |
| ၃ လနှင့် ၆လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =<br>လုပ်အားခကြိုယူ = |
| ၆လမှ ၁၂လအထိ ဝမ်းစာဖူလုံမှု | ၃၀ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>လုပ်အားခကြိုယူ = ၃၀ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တူးမြောင်းကျေးရွာတွင် ဝမ်းစာဖူလုံမှုစစ်တမ်းအရ အိမ်ထောင်စုအချို့သည် မိတ်ဆွေနှင့် ဆွေမျိုးများထံမှချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းဖြင့် ဖြေရှင်းဆောင်ရွက်နေပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ**

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
| --- | --- | --- | --- |
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက် | | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | ၄ | | |
| အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ်.... ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တူးမြောင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုရှိသော သက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်(၁)ဦးရှိပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ(၁၅)စုရှိ၍ ဆင်းရဲ၍ မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု(၄)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၆ | တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။မီးဘေး၊ ဆားငန်ရေဝင်မှု၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ပြည်တွင်းပဋိပက္ခ မရှိပါ။သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေး) မုန်တိုင်း၊ငလျင်၊ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုအနည်းငယ်သာရှိပြီး ရေကြီးခြင်းမှာ အသင့်အတင့်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၃ | မြေယာမဲ့၊ဆင်းရဲသောတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးဆက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၆ | မတော်တဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၇ | ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားမျာ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ထိရောက်သက်ရောက်မှုခံနိုင်သည့်သူများတွင် လူငယ်၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု၊ ဆင်းရဲသားတောင်သူအနည်းငယ်ရှိပါသည်။

သဘာဝဘေးအန္တရာယ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသော ဒေသတွင် နေထိုင်သူ၊ မြစ်ကမ်းဘေးနေထိုင်သူနှင့် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရမှုများမရှိပါ။ လှည့်လည်သွားလာ၍ ဈေးရောင်းသူများအနည်းငယ်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

## (က-၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃ ✔ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ✔<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖ အဖွဲ့ | ၁☐ ၂☐၃ ✔ | ၇ | - | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ✔<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၁☐ ၂ ☐၃ | ၉ | ၉ | ၁၃ | ပညာရေး ✔ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✔<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်) | စွမ်းဆောင် နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၄ | အရံမီးသတ် | ၁☐ ၂☐ ၃☐ | ၃ | | ၃ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✔<br>လုံခြုံရေးနှင့်ကာကွယ်ရေး ✔ | ကောင်း☐<br>သင့် ✔<br>ညံ့ ☐ |
| ၅ | ပရဟိတ အဖွဲ့ | ၁☐ ၂ ☐၃ | ၁၀ | ၇ | ၁၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✔<br>လုံခြုံရေးနှင့်ကာကွယ်ရေ☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၆ | လူငယ်အဖွဲ့ | ၁☐ ၂ ✔ ၃☐ | ၉ | | ၉ | ပညာရေး☐ ငွေကြေး ✔<br>ကျန်းမာရေး ✔ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✔<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ✔<br>သင့် ☐<br>ညံ့ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်းအဖွဲ့အစည်း(၆)ဖွဲ့ရှိရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာ ပညာရေးကဏ္ဍတစ်ခုအတွက်သာမက ဘာသာရေးလုပ်ငန်းများတွင်လည်း အားထည့်ဆောင်ရွက်ကြပါသည်။ ကျန်အဖွဲ့အစည်းများမှာလည်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကဲ့သို့ပင် အလားတူ အဖွဲ့မခွဲခြားဘဲလုပ်ဆောင်သည်ကို တွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အဖွဲ့အစည်းအမျိုးအစား** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ပက်မြန်မာ | ၁ ☐ ၂ ✔ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ ပက်မြန်မာချေးငွေအဖွဲ့သာ ရှိပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၉ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၃၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၂၁ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၁၄ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၄ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၇၀** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အိမ်ထောင်စုစုပေါင်း၏(၄၁%)မှာ မြေယာပိုင်ဆိုင်ပြီး (၅၈%)မှာ မြေယာမဲ့ဖြစ်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းများအပေါ်မှီခိုကာ အလုပ်ကိုင်အသင့် အတင့်ရရှိကြပါသည်။**

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | ရေ သောက် (ဧက) | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ရာသီအလိုက်** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐ |
| ၃ | မြစ်ရေတင်စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐ |
| ၅ | အဝီစိတွင်း | ၂၇၉ | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✔ မဖြေဆိုပါ ☐ | ရှိ ✔ မရှိ ☐ မဖြေဆိုပါ☐ |
| ၆ | လက်ငင်းရေတွင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐ |
| ၈ | ချောင်းရေ | ၈၈ | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✔ မဖြေဆိုပါ ☐ | ရှိ ✔ မရှိ ☐ မဖြေဆိုပါ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးပြီး မိုးရေမလုံလောက်ပါက အဝီစိတွင်းများနှင့် ချောင်းရေကိုသာ ရာသီအလိုက်အသုံးပြုကြပါသည်။

## (၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၂၇၉ | တင်း | ၅၀ | ၁၀၀ | ၇၀ | ဇွန် | အောက်တိုဘာ | မြင့် ✔လတ်☐ နိမ့် ☐ | မြင့်☐ လတ် ☐နိမ့် ✔ |
| ပဲ | ၃၆၇ | တင်း | ၇ | ၁၅ | ၁၁ | နိုဝင်ဘာ | မတ် | မြင့် ✔လတ်☐ နိမ့် ☐ | မြင့်☐ လတ် ☐နိမ့် ✔ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း– လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်မိုးစပါးကိုသာ အဓိကစိုက်ပျိုးကြပြီး ဆောင်းသီးနှံဖြင့် မတ်ပဲကိုသာသီးထပ်အဖြစ်စိုက်ပျိုးကြပါသည်။ စပါးတစ်ဧကလျှင်အနည်းဆုံး(၅၀)တင်း အများဆုံး (၁၀၀)တင်းထွက်ပြီးဆောင်းသီးနှံပဲသည်တစ်ဧကလျှင် အများဆုံး(၁၅)တင်းနှင့်အနည်းဆုံး(၇)တင်းသာ ထွက်ရှိပါသည်။ သီးနှံအထွက်နှုန်းများမှာရာသီဥတု၊ရေ၊ မြေဆီဩဇာပေါ်မူတည်ပြီး တစ်နှစ်ထက်တစ်နှစ်အထွက်နှုန်းအပြောင်းအလဲရှိကြောင်း တွေ့ရပါသည်။ စိုက်ပျိုးရေးသွင်းအားစုလိုအပ်ချက်မှာ မြင့်မားပြီး အမြတ်ရရှိမှုမှာနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | - | - | - | ၂၀ |
| လက်တွန်းထွန်စက် | ၉ | - | - | ၁၀ |
| အစေ့ချကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | ၁၀ |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | ၃ | - | - | ၇ |

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| ရေစုပ်စက် | ၁၂ | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | ၁၂ | - | - | - |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း–

လေ့လာတွေ့ရှိချက်။ ။တူးမြောင်းကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုတွင် လက်တွန်းထွန်စက်(၉)စီး၊ခြေလှေ့စက်(၃)လုံး၊ရေစုပ်စက်(၁၂)ခုနှင့် မြက်ရိတ်စက်(၂၁)လုံးတို့မှာ ကိုယ်ပိုင်များဖြစ်ကြပါသည်။ တောင်သူ(၂၀)ဦးခန့်သည် အခြားရွာမှ ထွန်စက်ကိုငှါးရမ်းအသုံးပြုကြပါသည်။ ကျန်တောင်သူများမှာလည်း လက်တွန်းထွန်စက်(၁၀)စီးနှင့် ရိတ်သိမ်းခြွေလှေ့စက်(၇)စီးကို ငှါးရမ်းအသုံးပြုနေကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက‘မဖြေဆိုပါ’ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ✔ မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း ☐ကောင်း☐ သင့်တင့်မျှတ ✔ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ ☐ အသင့်အတင့်ရှိ ✔ မဖြေဆိုပါ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ ရနိုင်သည် ✔ မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည် ☐<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး/ဩော်ဂဲနစ်မြေသြဇာနှင့်အခြားဩော်ဂဲနစ်သွင်းအားအုပ်စုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရရှိနိုင်သည် ✔<br>မဖြေဆိုပါ ☐ |
| ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ဝယ်ယူရရှိနိုင်သည် ✔<br>မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရသည်☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက'မဖြေဆိုပါ'ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူရသည် ☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ သီးနှံများကိုရောင်းချနိုင်သည် ✔ မဖြေဆိုပါ ☐ |

**ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။တူးမြောင်းကျေးရွာတွင် သဘာဝရေမြေရာသီဥတုအနေအထားမှာ သင့်တင့်မျှတပါသည်။ လယ်ယာမြေအသုံးချနိုင်မှုမှာ အသင့်အတင့်ရှိပြီးစိုက်ပျိုးရေး အရင်းအမြစ်များလည်း အသင့်အတင့်ရှိပါသည်။ ဓာတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများကိုလည်း လွယ်ကူစွာ ဝယ်ယူရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဖ) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ**

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ဇယား(၁၇)နှင့်(၁၈)ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များ ရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☐ မဖြေဆိုပါ ✔ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✔<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐<br>ပလပ်မြေများရှိသည် ☐<br>ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေးအရင်းအမြစ် | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ ဖြေဆိုပါ ✔ |

| ပြဿနာနှင့်အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ဇယား(၁၇)နှင့်(၁၈)ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များ ရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ ဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✔ |
| ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ မဖြေဆိုပါ ✔ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံဈေးကွက်များကို လွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ✔<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ✔ အနည်းငယ် ☐<br>မဖြေဆိုပါ ☐ |

ရင်းမြစ်...(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း– လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ကျေးရွာ၏လယ်ယာမြေဆီဩဇာအခြေအနေမှာအသင့်အတင့်ကောင်းမွန် ပြီး ထပ်မံတိုးချဲ့နိုင်မှုမရှိပါ။ ဖျက်ပိုးကျရောက်မှုများ ရှိနေသည့်အတွက် စိုက်ပျိုးရေးကဏ္ဍအတွက် နည်းပညာအခက်အခဲများစွာရှိနေပါသည်။

**(ခ–၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား(၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၆၃ | ၁၇၅ |
| နို့စားနွား | – | – |

| ကွဲ | - | - |
|---|---|---|
| **မွေးမြူရေးနှင့်ငါးလုပ်ငန်း** | **မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု** | **ကောင်ရေ** |
| မြင်း | ၁ | ၂ |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၁ | ၁၀ |
| သိုး | - | - |
| ဝက် | ၃၇ | ၈၀ |
| ကြက် | ၁၂၆ | ၅၃၆ |
| ဘဲ | ၃ | ၉ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | - | - |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု

(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်မွေးမြူရေးနှင့်ပတ်သတ်၍ တပိုင်တနိုင်သာ မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူသော အိမ်ထောင်စုများမရှိကြောင်းတွေ့ရှိရပါသည်။

## (၂) မွေးမြူရေးကဏ္ဍတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလို အပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| မွေးမြူရေး | |
| စားကျက်မြေ | ပေါများ ☐ အသင့်အတင့် ☐ မဖြေဆိုပါ ✔ |
| မျိုးတိရိစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရိစ္ဆာန်များ လွယ်ကူစွာဝယ်ယူရနိုင် ☐<br>မျိုးကောင်းတိရိစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင် ☐ မဖြေဆိုပါ ✔ |
| ဈေးကွက် | ဈေးကွက်လွယ်ကူစွာရနိုင် ☐ ဈေးကွက်အသင့်အတင့်ရနိုင် ✔ |

| | |
|---|---|
| | မဖြေဆိုပါ |
| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလို အပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။) |
| သွင်းအားစု(မွေးမြူရေးအစာ ဆေးစသည်)ဈေးကွက် | သွင်းအားစုများလွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများဝယ်ယူနိုင်သည် ✔ မဖြေဆိုပါ ☐ |
| ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည် ☐<br>နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည် ☐<br>မဖြေဆိုပါ ✔ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချ နိုင်သည် ☐<br>ထုတ်ကုန်များကိုရောင်းချနိုင်သည် ☐ မဖြေဆိုပါ ✔ |
| အိမ်ခြံဝန်းအတွင်းမြေနေရာ လုံလောက်မှု | အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ✔ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား | အလွန်ကောင်း ☐ကောင်း ☐သင့်တင့်မျှတ ☐ မဖြေဆိုပါ ✔ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည် ☐<br>ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ✔ |
| ချေးငွေ | လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည် ☐<br>ချေးငွေရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| သွင်းအားစုလက်လှမ်းမီမှု | လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည် ☐<br>ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ✔ |
| နည်းပညာအကူအညီနှင့်နည် းလမ်း များ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည် ☐<br>နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည် ☐<br>မဖြေဆိုပါ ✔ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကိုရောင်းချနိုင်သည် ☐<br>မဖြေဆိုပါ ✔ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | လွယ်ကူသည် ☐ အသင့်အတင့်လွယ်ကူသည် ☐ မဖြေဆိုပါ ✔ |

ရင်းမြစ်… ဦးတည်အုပ်စုဆွေးနွေးခြင်း– လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများကိုသာလုပ်ကိုင်ကြပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် နည်းပညာအားနည်းသောကြောင့် ပြင်ပမှ အကူအညီအခွင့်အလမ်းများရရှိနိုင်ရန် လိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## (ဃ) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေရှားပါသည် ✔ စားကျက်မြေလုံးဝမရှိပါ ☐ မဖြေဆိုပါ ☐ |
| ရေရရှိမှု | ရေရှားပါးသည် ☐ရေလုံးဝမရှိပါ ☐မဖြေဆိုပါ ✔ |
| မျိုးတိရိစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရိစ္ဆာန်များလွယ်ကူစွာဝယ်ယူမရနိုင် ☐ မျိုးကောင်းတိရိစ္ဆာန်များလုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ ✔ |
| ချေးငွေ | ချေးငွေလွယ်ကူစွာမရနိုင်ပါ ☐ ချေးငွေလုံးဝမရပါ ☐မဖြေဆိုပါ ✔ |
| သွင်းအားစု(မွေးမြူရေးအစာ၊ဆေးစသည်) ဈေးကွက် | သွင်းအားစုများလွယ်ကူစွာဝယ်ယူမရနိုင်ပါ ☐<br>သွင်းအားစုများလုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ ✔ |
